# မီးပွတ်သမားလို ကျင့်ပါ

အရှင်ကေလာသ
ဇန်နဝါရီ ၅၊ ၂၀၁၆။

---

အရှင်ဘုရား၊

နေ့စဉ် ဘုရားရှိခိုးရာတွင် နမော တဿ သုံးကြိမ်၊ ဩကာသ ကန်တော့ချိုး၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိနှင့် ဘုရား ဂုဏ်တော် ကိုးပါးတို့ကို ရွတ်ဆိုပြီး ပူဇော် ကန်တော့ပါသည်။ ထို့နောက် ပဋ္ဌာန်း အကျယ် ပါဠိတော်ကို ရွတ်ဆိုပြီး မေတ္တာပို့ အမျှဝေဖြင့် အဆုံးသတ်ပါသည်။ တပည့်တော်၏ မိတ်ဆွေက ငါးပါးသီလ ခံယူ ဆောက်တည်ခြင်း မရှိ၍ မပြည့်စုံဟု ဆိုပါသည်။ တပည့်တော်က သီလသည် ကိုယ်ကျင့်တရား ဖြစ်သဖြင့် ဘုရား ရှိခိုးသည် ဖြစ်စေ၊ မရှိခိုးသည် ဖြစ်စေ ဆောက်တည်ရမည့် အရာဟု မှတ်ယူကြောင်း ပြန်ပြောပါသည်။ သီလခံယူ ဆောက်တည်မှုပါမှ ဘုရားရှိခိုးခြင်း ပြည့်စုံပါသလား။ ဖြေကြားပေးစေလိုပါသည် အရှင်ဘုရား။

မျိုးကိုကို (စက်ာပူ)

---

## ဘုရားရှိခိုးခြင်း

ဒီနေရာမှာ ဘုရားရှိခိုးခြင်းဆိုတာ ဆင်းတု သို့မဟုတ် စေတီကို (သက်ရှိဘုရား သို့မဟုတ် ဓာတ်တော် မွေတော် အမှတ်နဲ့) ရှိခိုး ဦးညွတ်ရုံမျှ အဓိပ္ပာယ်မျိုးလို့ မယူဆဘူး။ ဘာဝနာ တစ်မျိုးကို၊ သို့မဟုတ် တစ်မျိုး မကကို တစ်ပြိုင်နက် ရွတ်ပွားတာလို့ ဆိုရင် ပိုကောင်းမယ်။ ဥပမာ .. ဂုဏ်တော် ကိုးပါးကို ရွတ်ဆိုခြင်းအရ ဗုဒ္ဓဂုဏ်ကို ပွားများခြင်း (ဗုဒ္ဓါနုဿတိ)၊ မေတ္တာပို့ခြင်းအရ (မေတ္တာကမ္မဋ္ဌာန်း)၊ ပဋ္ဌာန်းရွတ်ခြင်းအရ တရားဂုဏ်ကို ပွားများခြင်း(ဓမ္မာနုဿတိ)၊ ဖြစ်နိုင်ရင် အသုဘကမ္မဋ္ဌာန်း .. စသည် ထည့်အုံးပေါ့။ အဲဒီလို ရွတ်ပွားတာတွေ အားလုံးကို သမထ ကမ္မဋ္ဌာန်း ပွားများခြင်းမှာ ထည့်သွင်းနိုင်တယ်။

## သီလအခြေခံ

သီလေ ပတိဋ္ဌာယ နရော သပ္ပညော = ပညာရှိ လူသားသည် သီလ (အခြေခံ)မှာ ရပ်တည်ပြီး (သမာဓိနှင့် ပညာကို ပွားများရင် လောက၏ အရှုပ်ကို ဖြေရှင်းနိုင်၏)ဆိုတဲ့ ဘုရားဟောအရ သီလဟာ သမာဓိနဲ့ ပညာတို့ရဲ့ အခြေခံ အုတ်မြစ်ပါပဲ။ သီလ မရှိဘဲ သမထကိုရော ဝိပဿနာကိုပါ အားထုတ်လို့ အကျိုး မဖြစ်ထွန်းနိုင်ဘူး။ ဒါကြောင့် ထေရဝါဒ အဆုံးအမမှာ သီလဟာ အခြေခံဖြစ်ပြီး သီလ အရေးကြီးတဲ့ အတွက် ဘုရား ရှိခိုးခြင်းနဲ့ ငါးပါးသီလ ခံယူ ဆောက်တည်ခြင်းကို ခွဲခြားလို့ မရနိုင်ဘူးလို့ ဘုန်းကြီး ယူဆတယ်။

ဒါပေမယ့် ဘုရားရှိခိုးခြင်း မဟုတ်တဲ့ နေ့စဉ်ဘဝမှာတော့ မေးခွန်းရှင် ဆိုတိုင်း ငါးပါးသီလ ယူယူ မယူယူ လုံအောင် မြဲအောင် စောင့်ထိန်းရမယ်လို့ ခံယူထားရင် အမှန်နဲ့ ပိုပြီး မနီးစပ်နိုင်ဘူးလား။

## ချန်မထားသင့်

သီလ ဆောက်တည်ခြင်းဟာ ရှေ့မှာဆက်ပြီး မိမိ ပွားများမယ့် သမထ သို့မဟုတ် ဝိပဿနာ ဘာဝနာအတွက် အရေးကြီးတဲ့ အစိတ်အပိုင်းတစ်ခု ဖြစ်လို့ ဘာဝနာ တစ်ခုခုကို လုပ်ခြင်းလို့ အဓိပ္ပာယ်ရှိတဲ့ ဘုရားရှိခိုးခြင်း မစတင်ခင် ငါးပါးသီလကို နှုတ်မှ အနေလေးအနက် ပြုပြီး ရွတ်ဆိုသင့်တယ်။ အဓိပ္ပာယ်က .. သီလ အုတ်မြစ်ကို ပိုပြီး လေးနက်စေခြင်း။ မစင်ကြယ်ခဲ့ရင် စင်ကြယ်သွားမယ်၊ စင်ကြယ်သလား မစင်ကြယ်ဘူးလားလို့ သံသယရှိရင် ရှင်းသွားမယ်၊ စင်ကြယ်ပြီးသား ဖြစ်ရင် ပိုပြီး တောက်ပြောင်သွားမယ်။ ငါ့သီလ စင်ကြယ်တယ် ဆိုတဲ့ ကြည်လင်တဲ့ အသိလေးဟာ ရှေးမှာ ပွားများမယ့် ဘာဝနာတွေရဲ့ တွန်းအားပါပဲ။ စိတ်ပိုင်းဘဝကို လေ့ကျင့်တဲ့အခါ မီးပွတ်သမားလို ထပ်ခါ ထပ်ခါ ကြိမ်ဖန်များစွာ လုပ်ရတယ်။

## ဒီလိုစဉ်ပါ

ဒါကြောင့် ဘုရားရှိခိုးခြင်းကို ဩကာသ၊ အဟံ ဘန္တေ နမော တဿ၊ သရဏဂုံ၊ ငါးပါးသီလ၊ ဘုရားဂုဏ် စသည် .. ပဋ္ဌာန်း အကျယ် စသည် .. မေတ္တာပို့၊ အမျှဝေ လို့စဉ်ရင် အမှန်နဲ့ ပိုပြီး နီးစပ်နိုင်ကြောင်းပါ။ အချိန် မရရင် ငါးပါး သီလထိ၊ ပြီးမှ မေတ္တာပို့ အမျှဝေပေါ့။ ❐